သင်ခန်းစာ (၆)

ပထမပိုင်း - ခြုံငုံသုံးသပ်ချက်

သမ္မာဘာသာရပ်ဟာ တိကျတဲ့ သိပ္ပံဖြစ်တယ်။ ဒံယေလကျမ်းနဲ့ ဗျာဒိတ်ကျမ်းမှာ တရားစီရင်ခြင်းနဲ့ ဆိုင်တဲ့ဖော်ပြချက် အနာဂတ္တိဟောထားချက်တွေဟာ သန့်ရှင်းသော ဝိညာဉ်တော်ဖြင့် ဂဏာန်းလုံးများကို အသုံးပြုပြီး တိကျစွာဖော်ပြတဲ့အတွက် ဘုရားသခင်ရဲ့ သမ္မာကျမ်းစာကို ယုံကြည်စိတ်ချနိုင်ပါတယ်။ ဒီတစ်ပတ်မှာတော့ ဖော်ပြထားတဲ့ကိုးကား ချက်တွေကို မှန်ကန်မှုရှိ၊ မရှိစစ်ဆေးကြပါစို့။

သမ္မာကျမ်းစာတစ်အုပ်လုံးတွင် ဒံယေလအခန်းကြီး ၉ သည်မှတ်သားစရာအခန်း ဖြစ်သည်။ တစ်ပါးအမျိုးသားများထံ ဧဝံဂေလိသတင်းစကားကြွေးကြော်ခြင်း၊ လက်ဝါး ကပ်တိုင်ပေါ်၌ ခရစ်တော် အသေခံခြင်းနှင့် သခင်ယေရှုနှစ်ခြင်းခံယူခြင်းအချိန်များကို ရှင်းလင်းစွာဖော်ပြထားသည်။ ဒီကြိုတင်ဟော ပြောထားချက်တွေဟာမပီမပြင်၊ မသဲမကွဲ ဖော်ပြထားတာမဟုတ်ပါဘူး။ သံသယကြီးသူ၊ သဘောတူနားလည်ရန် ခက်ခဲသူတွေဟာ တိကျမှန်ကန်ပြီရိုးရှင်းလင်းတဲ့ အနာဂတ္တိဟောကြားချက်နဲ့ဆုံတွေ့ရတဲ့အခါမှာတော့ သခင်ယေရှုရဲ့တပည့်တော်အဖွဲ့ဝင်များဖြစ်လာပါတယ်။

''မြင်ပြီးသောဗျာဒိတ်ရူပါရုံကို ငါအံ့သြသော်လည်း၊ ထိုအမှုကိုအဘယ်သူမျှ မရိပ်မိကြ ''ဒံယေလအခန်းကြီး ၈း၂၇ ကရေးသားထားချက်ကို ဒံယေလအခန်းကြီး ၉ မှာ ပြန်လည်ဖြေဆိုထားပါတယ်။ ဒံယေလအခန်းကြီး ၈ ရဲ့ ဒံယေလမြင်ရတဲ့ရူပါရုံဟာ မီဒို၊ ပါးရှားကို အောင်နိုင်ပြီးနောက် ဂရိနိုင်ငံရဲ့အုပ်စိုးခြင်း၊ ဆိတ်နှင့်သိုး တိုက်ခိုက်ခြင်း ကို သရုပ်ဖော်ဖွင့်ပြခြင်းဖြစ်ပါတယ်။ ချိုငယ်ဖြစ်တဲ့ ဘုရားမဲ့ရောမနိုင်ငံဟာ နောက်ပိုင်းမှာ နိုင်ငံရေးနှင့်ဘာသာရေးအုပ်ချုပ်ခွင့်ရလာပါတယ်။ ဒံယေလအခန်းကြီး ၈း၁၂ မှာ ဖော်ပြ ထားတဲ့ ''သမ္မာတရားကိုမြေသို့နှိမ့်ချသည်''ဆိုတဲ့အတိုင်း ချိုငယ်လေးဟာ သခင် ယေရှု၏ဖြောင့်မတ်ခြင်းကို မမှန်မကန် လူသားများအားသိမြင်စေခဲ့ပါတယ်။

''ဒီမှားယွင်းစွာသိမြင်မှုက ဘယ်လောက်ကြမှာလဲ၊ အဆိုးကဘယ်လောက်ကြာကြာ အနိုင်ရမှာလဲ၊ နတ်ဆိုးတွေက ဘယ်လောက်ကြာကြာအုပ်စိုးနေမှာလဲ''လို့ကောင်းကင်တမန် မေးသံကို ဒံယေလကြားခဲ့ပါတယ်။ (ဒံယေလအခန်းကြီး ၈း၁၃)

ဘုရားသခင်ရဲ့သား၊ သမီးတွေကြားမှာအမှန်တရားက ဘယ်အချိန်မှာ နေရာမှန် ပြန်ရောက်မှာလဲ၊ ဘယ်အချိန်မှာ ဖြောင့်မတ်သူတွေအုပ်စိုးခွင့်ရပြီး လူဆိုးတွေ အဆုံးသတ် မှာလဲ၊ အဖြေကတော့ ဒံယေလအခန်းကြီး ၈း၁၄ မှာ

''ရက်ပေါင်း နှစ်ထောင့်သုံးရာတိုင်တိုင် တည်လိမ့်မည်။ ထို့နောက်သန့်ရှင်းရာဌာနကို တဖန် ဆေးကြော သုတ်သင်ကြလိမ့်မည်။''

ဒုတိယအပိုင်း - ရှင်းလင်းတင်ပြချက်

ဒံယေလအခန်းကြီး ၈း၁၄ရဲ့''ဆေးကြောခြင်း''ကိုဟေဗြဲလို ''နစ်ဒက် ''လို့ ခေါ်ပါ တယ်။ ''သက်သေပြသည်'' ''တရားမျှတသည်'' ''ဆေးကြောသည်'' သန့်ရှင်းစေသည်'' ''မှန်ကန်စေသည်'' ''ပြုပြင်သည်'' စသဖြင့်ဘာသာပြန်သူက အစဉ်လိုက်အဓိပ္ပာယ် ဖွင့်ဆို ထားပါတယ်။ ဟေဗြဲစကားလုံး ''နစ်ဒက်'' ရဲ့ အဓိပ္ပာယ် အပြည့်အစုံပါဝင်တဲ့ ဒံယေလ ၈း၁၃-၁၄ ကိုဖတ်ကြည့်ကြပါစို့။

''တဲတော်ကို ပြန်လည်တည်ထောင်မယ့်နေရာမှန်က ဘယ်နေရာဆိုတာ ဘယ်လို ဖော်ပြလဲ၊ အပြစ်ကို ဘယ်အချိန်မှာဆေးကြော၊သန့်ရှင်းစေမှာလဲ၊ ဘုရားသခင်၏ နာမတော်သာ ချီးမွမ်းဖွယ်ဖြစ်ကြောင်း ဘယ်အချိန်မှာသက်သေထူမှာလဲ၊ ကိုယ်တော်၏ သမ္မာတရားသည် ချီးမြှောက်ခြင်းခံ၍ ထိုအရာအားလုံးတို့သည် ဘယ်အချိန်၌ မှန်ကန်ကြောင်း၊ တရားမျှတမှုရှိကြောင်း ဖော်ပြခြင်းခံရမှာလဲ၊ ''နှစ်ပေါင်း နှစ်ထောင့်သုံးရာ ပြီးနောက် သန့်ရှင်းရာဌာနကို တဖန်ဆေးကြောသုတ်သင်ကြလိမ့်မည်။'' (ဒံယေလ ၈း၁၄) ဟု ကောင်းကင် တမန်ကဖြေဆိုထားသည်။ ဒံယေလအခန်းကြီး (၈) ထဲမှာပြည့်စုံတဲ့အဖြေ မရှိပါဘူး။ (ဒံယေလ ၈း၂၇) ဒံယေလ (၈) အခန်းကြီးအဆုံးမှာ ဒီရူပါရုံကို ကောင်းကင် တမန်က ဒံယေလကို ရှင်းပြတဲ့အချိန်မှာ ပရောဖက်ဒံယေလ အင်အားချိနဲ့ သွားပါတယ်။ နှစ်အနည်းငယ်ကြာသွားပြီးနောက် ဒီရူပါရုံကိုနားလည်ရန် ဒံယေလ ဆုတောင်းခဲ့ကြောင်း ဒံယေလအခန်းကြီး (၉)မှာဖော်ပြထားပါယတ်။ ကောင်းကင်တမန်ကလည်း ထိုအနက် အဓိပ္ပာယ်ကို ရှင်းပြရန်ရောက်လာပါတယ်။ (ဒံယေလ ၉း၂၀) ''သီတင် (၇၀) ပတ်ကို သင့်အမျိုးသားအဘို့ ဆုံးဖြတ်ခြင်း ရှိ၏'' ဟုကောင်းကင်တမန်ကဖော်ပြထားပါတယ်။ (ဒံယေလ ၉း၂၀)

ဒံယေလ (၉)မှာဖော်ပြတဲ့ သီတင်း(၇၀)ရဲ့ ''ဆုံးဖြတ်ခြင်း'' ဟာ ဒံယေလ ၈း၁၄ မှာဖော်ပြတဲ့ ရက်ပေါင်း နှစ်ထောင့်သုံးရာ၏ ရှည်လျားတဲ့ အနာဂတိ္တကျမ်းစကားမှာ ပါဝင်တဲ့ အပိုင်းလေးဖြစ်ပါတယ်။ ''ဆုံးဖြတ်ခြင်း'' ဆိုတဲ့စကားကို ဟေဗြဲကျမ်းဟောင်းမှာ ဒီတစ်ကြိမ်သာဖော်ပြထားပါတယ်။ ဂျူးဘာသာရေးဆရာများကတော့ ဒီစကားကို ရှည်လျားတဲ့အချိန်ကနေ ''ဖြတ်တောက်ခြင်း''၊ ဒါမှမဟုတ် ''ပြတ်စေခြင်း'' လို့ဖော်ပြထား ပါတယ်။ပြတ်စေသည် ဆိုတဲ့စကားလုံးက ပိုတိကျတဲ့အဓိပ္ပာယ်ဖြစ်ပါတယ်။ ဒီအနာဂတ္တိ စကားရဲ့ဖော်ပြချက်မှာ ဣသရေလလူမျိုးရဲ့ အနာဂတ်၊ ဗိမာန်တော်၊ ယေရုရှင်လင်မြို့ အကြောင်းများဖြစ်ပါတယ်။ သီတင်း(၇၀) ဟာ ဣသရေလလူမျိုးတွေအတွက် ဘုရားသခင် နှစ်သက်မှုကိုပြန်ရယူရန် ကရုဏာအချိန်ပေးထားခြင်းဖြစ်ပါတယ်။

ဒီအချိန်အတွင်းမှာ ကယ်တင်ရှင်ကြွလာပြီး ''ကိုယ်တော်၏ထာဝရဖြောင့်မတ်ခြင်းကို'' ယူဆောင်လာပေးမှာ ဖြစ်ပါတယ်။ (ဒံယေလ ၉း၂၄)

သီတင်း (၇၀) သို့မဟုတ် ရက်ပေါင်း ၄၉၀ ဟာတိုက်ရိုက်ညွှန်းဆိုတာ မဟုတ်ရင် ဘာကိုဆိုလိုတာလဲ၊ ဟေဗြဲစကားရပ်မှာ ''သီတင်းအပတ်'' လို့ဆိုရာမှာ ရက်ပေါင်းတစ်စု ဒါမှမဟုတ် ခုနှစ်ဆယ် အမြှောက် ခုနှစ်သီတင်းရလာဒ်အကောင်အထည်ပေါ်လာတဲ့ နေ့ရက်များလို့ မှတ်ယူနိုင် ပါတယ်။ ဘာကြောင့်လည်းဆိုတော့ ရက်ပေါင်း ၄၉၀ ထက် ကြာရှည်တဲ့ဗျာဒိတ်ရူပါရုံဖော်ပြချက်ဖြစ်တဲ့အတွက် ဒီနေရာမှာ ရက်အစားနှစ်အစားထိုး စည်းကမ်းအတိုင်းသိရှိမှာသာ နားလည်မှာဖြစ်ပါတယ်။ (ယေဇကျေလ ၄း၆) (တောလည်ရာကျမ်း ၁၄း၃၄) အနာဂတ္တိစကားရဲ့တစ်ရက်ဟာတိုက်ရိုက်အဓိပ္ပာယ်တစ်နှစ်နဲ့ ညီမျှပါတယ်။

တောလည်ရာကျမ်း ၁၄း၃၄ ကို သတ္တမနေ့အသင်းတော်သမ္မာကျမ်းစာ သုတေသန ဌာနရဲ့ဂျာရတ် ဖန်ဒယ် ကဒီလိုအမှတ်ချက်ပြုထားပါတယ်။ ''ရက်/နှစ် စည်းမျဉ်းကို ဘုရားသခင်က လူတွေကို သွန်သင်ရန် တန်ဆာပလာအဖြစ်အသုံး ပြုခဲ့ပါသည်။ '' ထိုပြည်ကို စူးစမ်းရာနေ့ရက်ပေါင်း အရက်လေးဆယ်နှင့်အညီ၊ တရက်ကို တစ်နှစ်ထား၍၊ အနှစ်လေးဆယ်ပတ်လုံးကိုယ်အပြစ်ကို ဆောင်လျက်၊ ငါ့စွန့်ပစ်ခြင်းကို သိရကြလိမ့်မည်။'' (တောလည်ရာကျမ်း ၃၄း၁၄) ပရောဖက်ယေဇကျေလ ပုံဆောင် ပါဝင်ရတဲ့ သင်ခန်းစာ ပေးတဲ့ သင်ကြားချက်မှာ ရက်ပေါင်း ၃၉၀ ဘယ်ဘက်စောင်း နေပြီးနောက် ညာဘက်စောင်းပြီး ရက် ၄၀ စောင်းပြီး နေရသည်။ ''နှစ်အစား၌ရက်ကို ငါထားပြီး'' (ယေဇကျေလ ၄း၆) တောလည်ရာကျမ်း ၁၄ နဲ့ ယေဇကျေလ ၄ ကျမ်းနှစ် ကျမ်းဟာ အပြစ်ဒဏ်ချမှတ်ဖျက်ဆီးဖို့ရေးထားတာမဟုတ်ပါဘူး။ တစ်ရက်ကတစ်နှစ်နဲ့ ညီမျှကြောင်း ဖော်ပြရုံပါ။လူသားကိုဖျက်ဆီးရန်ရေးသားထားချက်မဟုတ်ပါ။ သတိထားရန် ဖော်ပြသော ကျမ်းစာ စည်းမျဉ်းလေး ဖြစ်ပါသည်။ သတ္တမနေ့အသင်းတော် ဘာသာရေး၊ လူမှုရေး စာစောင် ၂၃/၁ (၂၀၁၂) စာ ၉။ ဒီစည်းမျဉ်းကို ဒံယေလအနာဂတ္တိကျမ်းနဲ့ ဗျာဒိတ်ကျမ်းမှာ ပြန်အသုံးပြုထားပါသည်။ အနာဂတ္တိစကားဟာ ဖွင့်ထားလျက်ရှိပြီး၊ အနာဂတိ္တဟောထားချက်အရ တစ်ရက်ဟာ တိုက်ရိုက်တစ်နှစ်ကိုပုံဆောင်ပါယတ်။ အနာဂတ္တိစကားအရ ဟောကိန်းထုတ်ကြိုတင်ဟောကြားချက်တွေဟာ တကယ်ဖြစ်လာ ပါတယ်။

ဒံယေလအခန်းကြီး ၉း၂၄-၂၅ရဲ့ သီတင်း ၇၀ဟာ အနာဂတိ္တစကားအရ ရက်ပေါင်း ၄၉၀ သို့မဟုတ် တိုက်ရိုက်နှစ်ပေါင်း ၄၉၀ ဖြစ်ကြောင်းတွက်ချက်သိရပါတယ်။ ဒီအချိန်ရဲ့အစက ယေရုရှလင်မြို့ကို ပြန်လည်ရန် အမိန့် ထွက်ပေါ်တဲ့အချိန်ကစပါတယ်။ ဗာဗုလန်နိုင်ငံဟာ မေဒိ-ပေရသိနိုင်ငံကို ရှုံးနိမ့်ပြီးနောက် ဂျူးလူမျိုးတွေကို ယေရုရှလင်မြို့ကို ပြန်ဖို့ခွင့်ပြုမိန့်သုံးခါခွဲပြီး ထုတ်ပြန်ခဲ့ပါတယ်။ ပထမနှစ်ခါ အမိန့်ထုတ်ပြန်ချက်မှာ (ဧဇရ ၁း၁-၄) ကုရုဘုရင်ရဲ့အမိန့်နဲ့ (ဧဇရ ၆း၁-၁၂)ဒါရိမင်းကြီးရဲ့အမန့်ထုတ်ပြန်ချက်တွေဖြစ်ပါ တယ်။ ဒီနှစ်ချက်စလုံးမှာ ယေရုရှလင်မြို့ကိုပြန်လည်တည်ဆောက်ဖို့၊ ဗိမာန်တော်ကို ပြန်လည်ပြုပြင်ဖို့နဲ့ ဣသရေလလူမျိုးကို တရားဝင်လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းတွေမပါဝင် ခဲ့ပါဘူး။ ဘီစီ ၄၅၇ သုံးကြိမ်မြောက်အမိန့်ကို ဘုရင်

အာရှေ့ရုထုတ်ပြန်ချိန်မှာတော့ ဂျူးလူမျိုးတွေကို ဥပဒေအရတရားဝင် ယေရုရှလင်မြို့ကိုပြန်ခွင့်ပြုပြီး မိမိမြို့ကို ပြန်လည် တည်ဆောက်ပြီး နိုင်ငံရေး၊ ဘာသာရေး၊ အဖက်ဖက်ပြန်လည်ထူထောင်ရန်ခွင့်ပြုမိန့်ထုတ်ပေးခဲ့ပါတယ်။

## အနာဂတ္တိအချိန်စာရင်း

အနာဂတ္တိဟောထားချက်က ဘီစီ ၄၅၇ ကနေစတင်ပြီး သီတင်း ၆၉ ပတ် အနာဂတ္တိရှိခဲ့ပြီး တိုက်ရိုက်ဖော်ပြချက် ၄၈၃ နှစ်အကြာအေဒီ ၂၇ အထိရောက်ခဲ့ပါတယ်။ ပုရောဖက်ဟောထားတဲ့ အနာဂတ္တိစကားဟာ ဘုရားသခင်၏သားတော်မေရှိယ သခင်ကြွ လာမယ့်အချိန်ကိုဖော်ပြထားပါတယ်။ ''မေရှိယ'' အဓိပ္ပာယ်မှာ 'ချိန်းချက်ထားသူ' ဖြစ်ပါတယ်။ အေဒီ ၂၇ ( တိဗေရိဘုရင် နန်းစံ ၁၅နှစ်)တွင် ယေရှုခရစ်တော်၊ မေရှိယ သခင်သည်ချိန်းချက်ထားသည့်အတိုင်း သူ၏ အမှုတော်ကို စတင်ဆောင်ရွက်ရန် နှစ်ခြင်းခံယူခြင်းဖြင့် အနာဂတ္တိဟောထားချက် အတိအကျပြည့်စုံခဲ့သည်။ (လုကာ ၃း၁-၃၊၁၅၊၁၆၊၂၁၊၂၂)

## သီတင်းတစ်ပတ်အလယ်တည့်တည့်တွင်မေရှိယသည် အသေသတ်ခြင်းခံရမည်။

သခင်ခရစ်တော်နှစ်ခြင်းခံယူမည့် အချိန်နေ့ရက်ကို ဒံယေလ ပုရောဖက်သည် နှစ်ပေါင်းရာချီ၍ ကြိုတင်ဟောခဲ့သည်။ ဒံယေလကို ခရစ်တော်၏ရှေ့ဆက်ဖြစ်လာမည့် အကြောင်းအရာကို ဂါဗြေလ ပြောပြခဲ့သည်။ ဒီတစ်ပတ်သင်ခန်းစာကတော့ မေရှိယ အသေခံခြင်း သို့မဟုတ် ယဇ်ပူဇော်ခံခြင်းသည် ပုရောဖက်ဟောထားချက် ၇၀ သီတင်း (၄၉၀ နှစ်)ရဲ့ နောက်ဆုံး သီတင်း တစ်ပတ် (၇ နှစ်) အလယ်တည့်တည့်မှာဖြစ်မယ် အကြောင်း ရှင်းလင်းစွာ ဖော်ပြထားပါသည်။ ဒံယေလကြိုတင်ဟောထားခဲ့သလို အေဒီ ၃၁ မှာ သခင်ခရစ်တော် ပူဇော်ခြင်း ခံခဲ့ပါသည်။ ဒံယေလကို ဂါဗြေလရှင်းပြထားချက်အရ အေဒီ ၃၄ မှာ ဣသရေလတွေနဲ့ပြုထားချက် ကတိကဝတ်တွေကို ပရောဖက်ဟောထားချက် သီတင်း ၇၀ အဆုံးမှာ ဘုရားရဲ့လူမျိုးတော်အဖြစ်မှ ရပ်စဲလမ်းခွဲခဲ့ပါတယ်။ ဒီကတိကဝတ် တွေကို အခုချိန်မှာတော့ လူတိုင်းခံစားခွင့်ရှိပါတယ်။ သခင်ခရစ်တော်ကိုကယ်တင်ရှင် အဖြစ်လက်ခံတဲ့ဘယ်သူမဆို ဂျူးလူမျိုးမှမဟုတ်ပါဘူး တစ်ပါးအမျိုးသားတွေ၊ လူသား အားလုံး အတွက် ဖြစ်ပါသည်။ (ရောမ ၁း၁၆၊ ရောမ ၂း၆၊၁၀)

တဲတော်၏လက်တွေ့အမှုဆောင်ခြင်းများသည် သခင်ခရစ်တော် မိမိကိုယ်ကို ဆက်ကပ်အသေခံခြင်းနှင့် ကယ်တင်ခြင်းစီမံကိန်းကို နားလည်စေသည်။ သခင်ခရစ်တော် အသေခံပြီးနောက် တဲတော်အမှုဆောင်ခြင်းများ ရပ်ဆိုင်းသွားခဲ့သည်။ တဲတော် အမှုဆောင်ခြင်း၌ ရည်ရွယ်ချက်ရှိသည်။ယခုမှာအပြစ်သားသည် ဗိမာန်တော်သို့ ပူဇော်ရန် သိုးသငယ်ယူဆောင်လာရန်မလိုတော့ပါ။ သခင်ယေရှုထံသို့တိုက်ရိုက်လာ၍ကိုယ်တော်သွန်း ခဲ့သော

အသွေးတော်ကို မိမိအပြစ်ဆေးကြောရန်လက်ခံရမည်။ သမ္မာကျမ်းစာ၏အနာဂတ္တိ ဟောထားချက်နှင့်အညီ အချိန်ကိုက် ကြွလာသော ဘုရားသခင်၏သိုးသငယ်၊ လူသားအားလုံးအပြစ်ကြွေးကို မိမိအသွေးနှင့် ဆေးကြောခဲ့သော သခင်ခရစ်တော်ဖြစ်သည်။

နှစ်ပေါင်း ၂၃၀၀၏ ကျန်ရှိသောအပိုင်း

သီတင်း (၇၀) သို့မဟုတ် နှစ်ပေါင်း ၄၉၀ ဟာ ဒံယေလအနာဂတ္တိဟောထားတဲ့ နှစ်ပေါင်း ၂၃၀၀ ရဲ့ အစပထမအပိုင်း အချိန်ဖြစ်ပါတယ်။ဒီအစပိုင်းအချိန်ဟာ ဂျူးလူမျိုးနဲ့ ဂျူးနိုင်ငံအတွက်ဖြစ်ပါတယ်။ နှစ်ပေါင်း ၂၃၀၀ ရဲ့ ကျန်ရှိတဲ့ အချိန်တွေကတော့ ကမ္ဘာ နောက်ဆုံးအချိန်အထိ ရှည်ကြာပါလိမ့်မည်။ နှစ်ပေါင်း ၂၃၀၀နဲ့ ဆိုင်တဲ့ အနာဂတ္တိ ဟောကြားထားချက်တွေရဲ့ ပထမအဖြစ်အပျက်များဟာ အချိန်နဲ့ကိုက်ညီစွာ အံ့သြဖွယ် ပြည့်စုံခဲ့သလို နောက်ပိုင်းကျန်ရှိတဲ့အချိန်မှာ ဖြစ်ပျက်လာမယ့်အရာတွေဟာလည်း အနဂတ္တိ စကားအတိုင်း ပြည့်စုံလာမှာဖြစ်ကြောင်း သေချာစွာသိရှိစေပါသည်။

အနာဂတ္တိစကားတစ်ခုလုံးဟာ ''ယေရုရှင်လင်မြို့ကိုပြန်လည်တည်ထောင်''ရန် အမိန့်ပေးသော ဘီစီ ၄၅၇ အချိန်က အစပြုခဲ့သည်။ (ဒံယေလ ၉း၂၅ )ဘီစီ ၄၅၇ မှ အစပြုသော အနာဂတ္တိဟောထားသော အချိန်နှစ်ပေါင်း ၂၃၀၀ကို ရေတွက်ကြည့်သော် အေဒီ ၁၈၄၄ခုနှစ်တွင် ကုန်ဆုံးသည်။ (ဘီစီ ၁နှင့် အေဒီ ၁ သည် ၂ နှစ်မဟုတ် ၁နှစ်တည်း ကျသောနှစ်ဖြစ်သည်။) ဒီနေ့ရက်သည် အပြစ်ဖြေရာနေ့၏ အကြိုစာမျက်နှာဖွင့်သော ကောင်းကင်၌ရှိသောတဲတော်ကို သန့်ရှင်းရာနေ့ (သို့မဟုတ်) တရားစီရင်ရာနေ့ဖြစ်သည်။

တတိယအပိုင်း - လုပ်ဆောင်ရန်

ကျွန်ုပ်တို့အသက်ရှင်နေထိုင်တဲ့အချိန်ဟာ တရားစီရင်ရာနေ့၊ သန့်ရှင်းရာဌာန တော်ကို ဆေးကြောရာနေ့၊ အပြစ်ဖြေလွှတ်ရာနေ့ပုံဆောင်တဲ့အချိန်ဖြစ်ကြောင်းဘာလို့ ပြောနိုင်ရတာလဲ။ အတန်းသားအားလုံးဖြေဆိုခိုင်းပါ။

ဒီတစ်ပတ်မှာလေ့လာခဲ့ရတဲ့အောက်ဖော်ပြပါ သမ္မာတရားသုံးချက်ကို ဆွေးနွေးရန် ဖြစ်ပါတယ်။

ပထမအချက်။ ။သခ်ျာကိန်းဂဏာန်းများနဲ့ဖော်ပြရာတွင် တိကျသေသပ်သော သမ္မာကျမ်းစာ ဖော်ပြချက်များကို စိတ်ချယုံကြည်နိုင်သည်။ အသေးစိတ်အချက်ကအစ မှန်ကန်သည်။ သမိုင်းအချိန် ကာလသေးစိတ် ဖော်ပြချက်များသည် လက်ခံယုံကြည်လောက် စရာ တိကျမှန်ကန်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် စိတ်ချယုံကြည်စရာ ကောင်းကြောင်းကို အနာဂတ္တိ စကားများ မှန်ကန်ခြင်းက ထောက်ခံအားပေးထားသည်။

ဒုတိယအချက်။ ။ သခင်ယေရှုကို ကျွန်ုပ်တို့နေ့စဉ်အသက်ရှင်ခြင်း၏ အရှင်သခင် ဖြစ်ရန် ကတိပေး၍ ပဋိညာဉ်ပြုခြင်းကိုပို၍ နက်ရှိုင်းစွာနှလုံးသားထဲတွင် တည်နေစေရန် တရားစီရင်ခြင်းသတင်းစကားသည် တောင်းဆိုလျက်ရှိသည်။ဤနောက်ဆုံးသောအချိန် တရားစီရင်ချိန်တွင် ဘုရားသခင်၏ သားသမီးများ၏ နှလုံးသားများသည် ဘုရားသခင်၏ အလိုတော်နှင့် ကိုက်ညီမှုရှိသလာ၊ အသက်တာတွင် စိတ်သဘောနှင့် နေ့စဉ်အသက်ရှင် လုပ်ဆောင်ခြင်းများတွင် ဘုရားသခင်ထံ မိမိ၏ အပြစ် အတွက် ခွင့်လွှတ်မှုရရန်တောင်းဆိုခြင်း ရှိသလာ၊ အပြစ်ဆေးကြောခြင်း ခံယူမှု ရှိသလာ စသည့်အချက်များကို စစ်ကြောခြင်းခံရမည်။ ဘုရာသခင် နှစ်သက်သော သူဖြစ်ရန်မှာ သခင်ယေရှု၏ဖြောင့်မတ်ခြင်း ဝတ်လုံကိုဝတ်ဆင် ထားရမည်။ (ဟေရှာယ ၆၁း၁၀)

တတိယအချက်။ ။ တရားစီရင်ခြင်းအချိန်ဆိုသည်မှာ ဘုရားသခင်၏ သား၊ သမီးများကို မိမိတို့ ပတ်ဝန်းကျင်၌ ရှိသော လုပ်ဖော်ဆောင်ဘက်၊ အိမ်နီးချင်း၊ သူငယ်ချင်း မိတ်ဆွေ၊ ဆွေမျိုးသားချင်းအားလုံးကို သက်သေခံရန်ခေါ်နေခြင်းဖြစ်သည်။ ဒီတရားစီရင် ခြင်း သတင်းစကားသည် ကောင်းကင်မှ အပြစ်ကမ္ဘာအတွင်းမှ အပြစ်သားများ မိမိတို့၏ နှလုံးသားကို သခင်ခရစ်တော်ဒုတိယအကြိမ်ကြွလာခြင်းအတွက် ပြင်ဆင်ရန်နောက်ဆုံး သတိပေးစကားဖြစ်သည်။

အောက်ပါမေးခွန်းများကို နောက်တစ်ပတ် ဥပုသ်နေ့မှာဖြေဆိုရန် တောင်းဆိုရာ၌ ကိုယ်ပိုင်အဖြေ၊ ကိုယ့်ခံယူချက်နှင့်ဖြေရန်တောင်းဆိုပါ။

၁။ ကမ္ဘာကြီး၏ယခုကဲ့သို့ ဆုတ်ယုတ်ချိန်၌သခင်ခရစ်တော်ထံသင်၏အသက်တာကို လုံးလုံးအပ်နှံထားပြီလာ၊ အကယ်၍အပ်နှံခြင်းမပြုသေးရင် အဘယ်အရာများက ကိုယ်တော်နှင့် သင့်ကိုဝေးကွာနေစေပါသလဲ။

၂။ သခင်ခရစ်တော်၌သင်၏ကယ်တင်ခြင်းသေချာမှု၊ လုံခြုံမှုရှိပြီလာ၊ ဟုတ်ကဲ့ (သို့မဟုတ်) မရှိပါ။ ကိုယ်တော်ရဲ့ ဖြောင့်မတ်ခြင်းတစ်ခုတည်းကိုသာ ဘာကြောင့်ယုံကြည်စိတ်ချနိုင် ပါသလဲ။ သခင်ယေရှုတစ်ပါးတည်းပေါ်မှာသာ အားလုံးခိုင်မြဲအောင်ချည်နှောင်ထားရ မှာလာ၊ အကယ်၍မဟုတ်ဘူးဆိုရင် ကိုယ့်ကိုယ်ကို လုံးလုံး အားကိုးဖို့ဘာလုပ်ဖို့လိုအပ်ပါ သလဲ။